# ကာကွယ်ရေးဝန်ကြီးဌာန

## စစ်ရေးသတင်းအကျဉ်းချုပ်

Date – 4/3/2022

## စစ်ကောင်စီနှင့်တိုက်ပွဲဖြစ်ပွားမှု

### ကရင်နီ(ကယား)ပြည်နယ်

မတ်(၄)ရက်နေ့က ဒီးမော့ဆိုမြို့နယ်၊ပူဖားကျေးရွာတွင် တင့်ကား/တာဝေးပစ်ဒုန်းကား/လေယာဉ်အပါအဝင် ခြေလျင်စကစတပ်အင်အား (၅၀၀)ဝန်းကျင်ခန့်ဖြင့် ပင်မစစ်ကြောင်း(၃)ကြောင်း၊ အရံစစ်ကြောင်း မြောက်များစွာသုံးကာ တိုးဝင်လာကြသော စကစစစ်ကြောင်းကို လွိုင်ကော် PDF / KA / KNDF / ဒီမော့ဆို PDF/KDF/အလယ်ပိုင်းတိုင်းအထူးတိုက်ခိုက်ရေးအဖွဲ့နှင့်အတူ အခြားသောမဟာမိတ် တပ်ပေါင်းစုများလည်း ပူးပေါင်းပါဝင်ခုခံတိုက်ခိုက်ရာ စကစတပ်သား(၁၀)ဦးနှင့်အထက် သေဆုံးကြောင်းသိရသည်။

### ချင်းပြည်နယ်

မတ်(၃)ရက်နေ့က ဖလမ်းမြို့နယ်၊ ရမ်ထလိုကျေးရွာနှင့် ဒေါက်ထက်ကျေးရွာတွင် စကစယာဉ်တန်းကို CNA+ CNDFမှ မိုင်းဆွဲတိုက်ခိုက်ရာ စကစတပ်သား (၂၀)ကျော်သေဆုံးကြောင်း သိရသည်။

### စစ်ကိုင်းတိုင်း

- မတ်(၄)ရက်နေ့မနက်(၈:၅၅)နာရီခန့်က မြောင်မြို့နယ်၊ကျောက်ရစ်ရဲစခန်းမှ စကစတပ်သား(၅၅)ဦး အား ဒေသခံ LPDFမှ နဘက်ကျေးရွာအနီးတွင် မိုင်းဆွဲတိုက်ခိုက်ခဲ့သည်။
- မတ်(၄)ရက်နေ့မနက်(၉:၄၁)နာရီခန့်က ယင်းမာပင်မြို့နယ်၊ဘန့်ဘွေးကျေးရွာနှင့်အောင်ဇေယျကုန်း ကြားတွင် စကစတပ်သား(၁၅၀)ဦးကို Regional Friend Fighters -RFF၊ မြွေဟောက်ပြောက်ကျား တပ်ဖွဲ့နှင့်မိုးသောက်ကြယ်တပ်ဖွဲ့တို့မှ မိုင်းခွဲတိုက်ခိုက်ခဲ့ရာ စကစတပ်သား(၁၀)ဦးကျော် နေရာတွင် သေဆုံးခဲ့ကြောင်း သိရသည်။
- မတ်(၄)ရက်နေ့မနက်(၁၁:၁၁)နာရီခန့်က ယင်းမာပင်မြို့နယ်၊ရွှေတောင်ဦးမှလာသည့် စကစ တပ်သားများကို TTPDF တပ်ဖွဲ့နှင့် မဟာမိတ်တပ်ပေါင်းစုတို့မှ ငါးမိုင်ဂိတ်အနီးတွင် မိုင်းဆွဲတိုက်ခိုက် ခဲ့ရာ စကစ တပ်သား (၄)ဦး သေဆုံးခဲ့သည်။

### မကွေးတိုင်း

မတ်(၄)ရက်နေ့နေ့လယ်ပိုင်းက ဆောမြို့နယ်၊အထက်လက်မွန်ရွာနားတွင် စကစစစ်ကြောင်းနှင့်CDFများ ကြား ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့သည်။

### ပဲခူးတိုင်း

မတ်(၄)ရက်နေ့က ပဲခူးရိုးမပေါ်နယ်မြေသို့ ကင်းထောက်သည့် စကစတပ်သားများနှင့် ဒေသခံကာကွယ်ရေး တပ်များ တိုက်ပွဲဖြစ်ပွားခဲ့ရာ စကစတပ်သား(၁၅)ဦးကျော် သေဆုံးပြီး ဒဏ်ရာရသူများပြားခဲ့သည်။

*မြေပြင်သတင်းတာဝန်ခံများနှင့် သတင်းဌာနများမှ ဖော်ပြလာသော အချက်အလက်များအပေါ် အခြေခံပြုစုထားသည်။*

## မန္တလေးတိုင်း

မတ်(၄)ရက်နေ့မနက်(၁၀)နာရီခန့်က မတ္တရာမြို့နယ်အတွင်းရှိ ရွာများကိုပတ်မွှေနေသော မတ္တရာမြို့နယ်၊ အင်ကြင်းမြိုင် လေကြောင်းရန်ကာကွယ်ရေး စကစတပ်ဖွဲ့အား ကျောက်ဆည်လေးရွာနှင့် ကင်းကျေးရွာကြားတွင် ပြည်သူ့ကာကွယ်ရေးအဖွဲ့(မတ္တရာ)နှင့် Mandalay People's Defence Force အဖွဲ့တို့ ပူးပေါင်းပြီး မိုင်းဆွဲတိုက်ခိုက်ခဲ့ရာ တိုက်ခိုက်မှုအပြီးတွင် အပြန်အလှန် ပစ်ခတ်မှုများ ဖြစ်ပွားခဲ့ရာ စကစတပ်သား (၁၂)ဦး ကျဆုံးပြီး (၁၂)ဦးထိခိုက်ဒဏ်ရာရရှိခဲ့သည်။

# စစ်ကောင်စီကျူးလွန်သော ရာဇဝတ်မှုများ

## ကချင်ပြည်နယ်

မတ်(၃)ရက်နေ့ညနေ(၅)နာရီခန့်က ပူတာအိုမြို့နယ်၊ ဆွမ်ပီယန်ကျေးရွာကို စကစတပ်သား အင်အား(၁၀၀) ပါသည့် စစ်ကြောင်းမှ ပြည်သူနေအိမ်များကို မီးရှို့ဖျက်ဆီးခဲ့ပြီး နေအိမ်(၅)လုံးထက်မနည်း မီးလောင်ပျက်စီးခဲ့ကြောင်း သိရသည်။

## ကရင်နီ(ကယား)ပြည်နယ်

မတ်(၃)ရက်နေ့က ဒီးမော့ဆိုမြို့နယ်၊ နန်းမယ်ခုံမြို့၊ ဆင်တောင်ကျေးရွာတွင် စစ်ကြောင်းထိုးလာသော စကစတပ်မှ နေအိမ်သို့ ပစ္စည်းပြန်ယူရန်လာသော ကျေးရွာသား(၃)ဦးကို သတ်ဖြတ်ပြီး အလောင်းနှင့်နေအိမ် (၂)လုံးကို မီးရှို့ဖျက်ဆီးထားကြောင်း သိရသည်။

## ချင်းပြည်နယ်

- မတ်(၃)ရက်နေ့က ဟားခါးအခြေစိုက် (၂၆၆)ဗျူဟာကုန်းမှ အဝေးပစ်လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် ဖလမ်းမြို့နယ်၊ ဒုတ်ထစ်ကျေးရွာမှ နေအိမ်(၃)လုံး လက်နက်ကြီးထိမှန်ပျက်စီးခဲ့သည်။
- မတ်(၃)ရက်နေ့က ဖလမ်းမြို့နယ်၊ဒုတ်ထစ်ရွာကို စကစတပ်မှ မီးရှို့ဖျက်ဆီးခဲ့သောကြောင့် ပြည်သူပိုင် နေအိမ်(၁၅)လုံး မီးလောင်ပြာကျခဲ့ကြောင်း သိရသည်။

## စစ်ကိုင်းတိုင်း

မတ်(၄)ရက်နေ့မနက်(၂)နာရီခန့်က ဒီပဲယင်းမြို့နယ်၊မင်းဆွေနှစ်ကျေးရွာသို့ စိုင်ပြင်ရဲစခန်းမှ စကစအင်အား (၃၀)ခန့် ရောက်ရှိလာပြီး အပြစ်မဲ့ဒေသခံ(၈)ဦးကို ဖမ်းဆီးမီးရှို့သတ်ဖြတ်ခဲ့ပြီး ဒေသခံသားအမိနှစ်ဦး ပျောက်ဆုံးနေခဲ့သည်။

## မကွေးတိုင်း

မတ်(၄)ရက်နေ့နေ့လယ်ပိုင်းက ပခုက္ကူမြို့ရှိ ပခုက္ကူ-ရေ၀တီတံတားလမ်းဆုံတွင် စကစတပ်သားများမှ အမျိုးသားတစ်ဦးနှင့်အမျိုးသမီးတစ်ဦးမောင်းနှင်လာသည့်ဆိုင်ကယ်ကိုစစ်ဆေးမှုများပြုလုပ်ပြီး အကြမ်းဖက် ပစ်ခတ်ခဲ့သောကြောင့် အမျိုးသမီးတစ်ဦး အခင်းဖြစ်ရာနေရာတွင် သေဆုံးသွားခဲ့သည်။

*မြေပြင်သတင်းတာဝန်ခံများနှင့် သတင်းဌာနများမှ ဖော်ပြလာသော အချက်အလက်များအပေါ် အခြေခံပြုစုထားသည်။*

## ရန်ကုန်တိုင်း

- မတ်(၄)ရက်နေ့မနက်ပိုင်းက တောင်ဥက္ကလာပမြို့နယ်ရှိ CRPH အတွင်းရေးမှူးအဖွဲ့ဝင် ဒေါ်ဖြူဖြူသင်း၏နေအိမ်ကို စကစမှချိပ်ပိတ်ခဲ့သည်။
- မတ်(၃)ရက်နေ့က ပုဇွန်တောင်မြို့နယ်၊အမှတ်(၉)ရပ်ကွက်၊မဉ္ဇူလမ်းမှ တိုက်တစ်ခုအား စကစမှ ချိပ်ပိတ်ခဲ့သည်။
- မတ်(၃)ရက်နေ့ည(၁၀)နာရီခန့်ကဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ ဗိုလ်ဗထူးလမ်းမပေါ်ရှိ ဇော်ကြီး ကားဝပ်ရှော့အနီးတွင် လူငယ်အမျိုးသားနှစ်ဦးနှင့်အမျိုးသမီးနှစ်ဦးပါဝင်သည့် Belta ကားအား(၄၆) လမ်းဆုံဘက်မှ မောင်းနှင်လာသော DC တစ်စီးမှ ဝင်တိုက်ခဲ့ပြီး ကားပေါ်ရှိ လူငယ်များကို ကားပေါ်မှ ဆင်းခိုင်း၍ ဒူးထောက်လက်မြှောက်ခိုင်းထားပြီး ခဏအကြာတွင် ပေါင်မုန့်ကား၊ Probox နှင့် Honda fitကားများဖြင့်သေနတ်ကိုင်ထားသည့်အရပ်ဝတ်များ စုစုပေါင်းအင်အား(၂၀)ခန့်ရောက်ရှိလာခဲ့သည်။ ရောက်ရှိလာသောလက်နက်ကိုင်ထားသည့် အရပ်ဝတ်များက လူငယ်များ၏ခေါင်းအား ဒူးကြားတွင် ညှပ်၍ မျက်နှာကိုကန်ခြင်း၊ခြေထောက်များနှင့်ခန္ဓာကိုယ်ကို ရိုက်နှက်ကန်ကျောက်ခြင်းများ ပြုလုပ်ခဲ့သည်။အဆိုပါလက်နက်ကိုင်များက သေနတ်နှစ်ချက်ခန့်ပစ်ဖောက်ခဲ့ပြီး လူငယ်အမျိုးသားနှစ်ဦးကို ပေါင်မုန့်ကားပေါ်သို့လည်းကောင်း၊ လူငယ်အမျိုးသမီးတစ်ဦးကို Honda Fit ကားပေါ်သို့ လည်းကောင်း၊ နောက်လူငယ်အမျိုးသမီးတစ်ဦးကို Probox ကားပေါ်သို့တင်ကာ (၄၆)လမ်းဆုံ ဘက်သို့ ဖမ်းဆီးခေါ်ဆောင်သွားပြီး ကားကိုကရိန်းဖြင့် ဆွဲယူသွားခဲ့သည်။